www.ISPMyanmar.com

# ISP DATA MATTERS

25 March 2022

CONFLICT, PEACE AND SECURITY

အလေးထားရမည့် ဒေတာအချက်အလက်များ **အမှတ်-၁၀**

## နိုင်ငံတဝန်းလုံးတွင် တိုက်ပွဲ သုံးထောင်ကျော် ဖြစ်ပွား




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် မှ ၂၀၂၂ ခုနှစ် မတ် ၂၀ ရက်အတွင်း တိုင်းနှင့်ပြည်နယ်အားလုံးတွင် တိုက်ပွဲအကြိမ်ရေ **၃,၃၀၂ ကြိမ်**ထက်မနည်း ဖြစ်ပွားခဲ့ပြီး အဆိုပါတိုက်ပွဲများကြောင့် အရပ်သားသေဆုံးသူဦးရေ **၆၄၂ ဦး** ထက်မနည်း ရှိခဲ့သည်။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် တိုက်ပွဲဖြစ်ပွားမှု အကြိမ်ရေအများဆုံးဖြစ်ခဲ့ပြီး **၅၈၄ ကြိမ်**ထက်မနည်း ရှိခဲ့သည်။ ထို့အပြင် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် တိုက်ပွဲနှင့် လက်နက်ကိုင်ပဋိပက္ခဖြစ်စဉ်များအတွင်း အရပ်သားသေဆုံးမှု အများဆုံးရှိခဲ့ပြီး **၁၂၈ ဦး**ထက်မနည်း ရှိခဲ့သည်။ ယခုအချက်အလက်များသည် လက်လှမ်းမီသမျှ စုစည်းထားခြင်းသာဖြစ်ပြီး မြေပြင်အခြေအနေတွင် ယခုထက် ပိုများနိုင်ပါသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

# ISP DATA MATTERS

25 March 2022

CONFLICT, PEACE AND SECURITY

အလေးထားရမည့် ဒေတာအချက်အလက်များ **အမှတ်-၁၀**

## စစ်ကိုင်းတိုင်းနှင့် ကယားပြည်နယ်တွင် စစ်ကောင်စီနှင့် ဒေသခံကာကွယ်ရေး တပ်ဖွဲ့များ တိုက်ပွဲအများဆုံးဖြစ်ပွား




၂၀၂၁ ခုနှစ် ဇူလိုင် ၁ ရက်မှ ၂၀၂၂ ခုနှစ် မတ် ၂၀ ရက်အတွင်း မြန်မာနိုင်ငံအနှံ့တွင် စစ်ကောင်စီနှင့် ဒေသခံကာကွယ်ရေးတပ်ဖွဲ့များ( PDF/LDF/CDF/ CNDF/KNDF စသည်ဖြင့်) အကြား တိုက်ပွဲဖြစ်ပွားမှု **၇၆၈ ကြိမ်** ထက်မနည်းရှိခဲ့သည်။ စစ်ကိုင်းတိုင်းတွင် တိုက်ပွဲဖြစ်ပွားမှုအကြိမ်ရေ **၂၉၃ ကြိမ်** ထက်မနည်းရှိခဲ့ပြီး အများဆုံးဖြစ်ခဲ့သည်။ ယခု အချက်အလက်များသည် လက်လှမ်းမီသမျှ စုစည်းထားခြင်းသာဖြစ်ပြီး မြေပြင်အခြေအနေတွင် ယခုထက်ပိုများနိုင်ပါသည်။ ယခုပြသထားသည့် တည်နေရာများသည် တိုက်ပွဲဖြစ်ပွားခဲ့ရာ မြို့နယ်များ၏ တည်နေရာများဖြစ်ပြီး တိုက်ပွဲအရေအတွက်များကိုလည်း အရွယ်အစားအလိုက် ခွဲခြားပြထားပါသည်။

တိုက်ပွဲဖြစ်ပွားမှု အကြိမ်အရေအတွက်




ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

CONFLICT, PEACE AND SECURITY

အလေးထားရမည့် ဒေတာအချက်အလက်များ **အမှတ်-၁၀**

## ကရင်အမျိုးသားအစည်းအရုံး နယ်မြေထဲတွင် တိုက်ပွဲအများဆုံးဖြစ်




၂၀၂၁ ခုနှစ် ဇူလိုင် ၁ ရက်မှ ၂၀၂၂ ခုနှစ် မတ် ၂၀ ရက်အတွင်းတိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ (EAOs) နှင့် စစ်ကောင်စီအကြား တိုက်ပွဲ **၂,၁၉၃ ကြိမ်** ထက်မနည်းဖြစ်ပွားခဲ့ပါသည်။ အဆိုပါ တိုက်ပွဲများအနက် ၈၀ ရာခိုင်နှုန်းကျော် (အကြိမ်ရေ **၁,၇၇၅ ကြိမ်** ထက်မနည်း)မှာ ကရင်အမျိုးသားအစည်းအရုံး (KNU) နယ်မြေများအတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ၂၀၂၂ ခုနှစ် မတ်လအတွင်းတွင် KNU ထိန်းချုပ်နယ်မြေများနှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) ဌာနချုပ် နယ်မြေအနီးသို့ စစ်ကောင်စီတပ်ဖွဲ့များ ဝင်ရောက်လာမှုကြောင့် စစ်ရေးတင်းမာမှုများ ရှိနေပါသည်။ ယခုပြသထားသည့် တည်နေရာများသည် တိုက်ပွဲဖြစ်ပွားခဲ့ရာ မြို့နယ်များ၏ တည်နေရာများဖြစ်ပြီး တိုက်ပွဲ ဖြစ်ပွားမှု အကြိမ်ရေကိုလည်း အရွယ်အစားအလိုက် ခွဲခြားပြထားပါသည်။

တိုက်ပွဲဖြစ်ပွားမှု အကြိမ်အရေအတွက်




ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

## မြောက်ပိုင်းမဟာမိတ်တပ်ဖွဲ့များနှင့် RCSS အကြား စစ်ရေးတင်းမာမှုများ ရှိနေဆဲ

၂၀၂၁ ခုနှစ် ဇူလိုင် ၁ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အတွင်း တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များအကြား ဖြစ်ပွားခဲ့သည့် တိုက်ပွဲအရေအတွက်မှာ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲမြို့နယ်တွင် အများဆုံးဖြစ်ခဲ့ပြီး ၉ ကြိမ်ထက်မနည်း ရှိခဲ့ပါသည်။



၂၀၂၁ ခုနှစ် ဇူလိုင် ၁ ရက်မှ ၂၀၂၂ ခုနှစ် မတ် ၂၀ ရက်အတွင်း မြောက်ပိုင်း မဟာမိတ်တပ်ဖွဲ့များနှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) တို့အကြား တိုက်ပွဲဖြစ်ပွားမှု ၂၁ ကြိမ်ထက်မနည်း ရှိခဲ့သည်။ ရှမ်းပြည်နယ်တောင်ပိုင်းရှိ ရပ်စောက်မြို့နယ်၊ ပင်လုံမြို့နယ်တို့တွင် မြောက်ပိုင်းမဟာမိတ်တပ်ဖွဲ့များနှင့် RCSS အကြား စစ်ရေးတင်းမာမှုများ ရှိနေဆဲဖြစ်သည်။ သို့သော် ၂၀၂၂ ခုနှစ် မတ် ၁ ရက်မှ ၂၀ ရက်အထိ နှစ်ဖက်တပ်ဖွဲ့များအကြား ထိပ်တိုက်ရင်ဆိုင် တိုက်ပွဲဖြစ်ပွားမှုနှုန်း သိသိသာသာ လျော့နည်းလာခဲ့သည်။ ယခုပြသထားသည့် တည်နေရာများသည် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များအကြား တိုက်ပွဲဖြစ်ပွားခဲ့ရာ မြို့နယ်များ၏ တည်နေရာများဖြစ်ပြီး တိုက်ပွဲအရေအတွက်များကို လည်း အရွယ်အစားအလိုက် ခွဲခြားပြထားပါသည်။

တိုက်ပွဲဖြစ်ပွားမှု အကြိမ်အရေအတွက်




ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။